# မီးယပ်သွေးလွန်ရောဂါ ကုထုံးစာတမ်း

ဦးပြည့်စိန်
မန္တလေး

# နိဒါန်း

မီးယပ်သွေးလွန်ရောဂါသည်အမျိုးသမီးများအတွက်အလွန်စိုးရိမ်ရသောရောဂါဖြစ်ပါသည်။ မီးယပ်သွေးလွန်ရောဂါသည် တေဇောလွန်ဝါယောဓာတ်အားကောင်းပြီး၊ပထဝီအာပေါဓာတ်ပျက်ကာ အပုတ်နှင့်လေတို့အလွန်အားကြီးစွာဆောင်ခြင်းကြောင့် သွေးဆင်းလွန်ခြင်းဖြစ်ပါသည်။

အဓိကကတော့သွေးယိုစီးခြင်း၊သွေးလွန်ခြင်းသည်ဝါယောဓာတ်အားကောင်း၍အာပေါဓာတ်ပျက်ပြီးအဓောဂမဝါယောဓာတ်အောက်သို့မှုတ်ထုတ်လိုက်ခြင်းကြောင့်အာပေါဓာတ်ဟူသောသွေးထွက်လာရတဲ့အတွက်မီးယပ်သွေးလွန်ရောဂါဟု ခေါ်ပါသည်။

ရည်ရွယ်ချက်

(၁)မီးယပ်သွေးလွန်ရောဂါပျောက်ဆေး၏သက်သာပျောက်ကင်းမှုအခြေ
အနေကိုလေ့လာရန်

(၂)တိုင်းရင်းမြန်မာဆေးဖြင့် ကျေးလက်ဒေသအောက်ခြေအထိ
ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင်အလွယ်တကူစောင့်
ရှောက်နိုင်ရေးအတွက်အထောက်အကူပြုနိုင်ရန်

(၃) မိမိလက်တွေ့ကုသပျောက်ကင်းသော ရောဂါကုထုံးကုကွက်
ဆေးနည်းများကို မြန်မာ့တိုင်းရင်းဆေး မပျောက်ပျက်ရအောင်
မျိုးဆက်သစ် ဆရာများအား လက်ဆင့်ကမ်းပေးနိုင်ရန်

(၄)တိုင်းရင်းဆေးဆရာများအနေဖြင့်မိမိတို့လက်တွေ့ကုသရာတွင်မှတ်
တမ်းများထားရှိ၍တနိုင်တပိုင်သုတေသနပြုလုပ်ပြီးသုတေသန
စာတမ်းငယ်များပေါ်ထွက်လာစေရန်

## ရောဂါဖြစ်ကြောင်း

၁။ ရာသီပန်းပွင့်နေစဉ် နေပူ မီးပူခံခြင်း၊

၂။ ခရီးကြမ်းသွားခြင်း၊

၃။ ယာဉ်ကြမ်းစီးခြင်း၊

၄။ ကြက်တောင်ရိုက်ခြင်း၊ အပင်ပန်းခံခြင်း၊

၅။ အနှင်းအနှိပ်ခံခြင်း၊

၆။ မေထုန်မှီဝဲခြင်း၊

၇။ စပ်ပူချဉ်ခါး တဘက်လွန်အစာများကို အမြဲစားသုံးခြင်းတို့ကြောင့်

## ဒေသနာနည်းအရ

တေဇောဓာတ်လွန်ကဲခြင်း၊ ဝါယောဓါတ် အားကောင်းဖောက်ပြန်ပြီး၊ ပထဝီအာပေါဓာတ် တို့ ပျက်ခြင်းကြောင့် မီးယပ်သွေးလွန်ရောဂါ ဖြစ်ပါသည်။

## အာယုဗ္ဗေဒနည်းအရ

သည်းခြေဒေါသလွန်ကဲခြင်း၊ လေဒေါသအားကြီးဖောက်ပြန်ခြင်း၊ သလိပ်ဒေါသပျက်စီးခြင်းကြောင့် မီးယပ်သွေးလွန်ရောဂါ ဖြစ်ပါသည်။

## မီးယပ်သွေးလွန်ရောဂါ ဖြစ်ဆဲလက္ခဏာ

(၁) ယောနိမှ ရာသီသွေးများ အမြဲကျဆင်းခြင်း၊
(၂) သွေးအားကုန်ခမ်းခြင်း၊
(၃) ပင်ပန်းမောဟိုက်ခြင်း၊
(၄) ကိုယ်သားကိုယ်ရေ ဖြူလျော်လျော်ရှိခြင်း၊
(၅) နှုတ်ခမ်း မျက်သားတို့ဖြူခြင်း၊
(၆) လက်သည်းသွေးများဖြူခြင်း၊
(၇) နှလုံးခုန်ရင်တုန်ခြင်း၊
(၈) အအိပ်အစားပျက်ခြင်း၊
(၉) အားနည်းခြင်း၊
(၁၀) မကောင်းသော အနံ့ဆိုးများထွက်ခြင်း စသည်တို့ဖြစ်ပါသည်။

# ကုသပုံအဆင့်ဆင့်

- မီးယပ်သွေးလွန်ရောဂါပျောက်ဆေးကို

ရောဂါအခြေအနေစစ်ဆေးပြီးသွေးဆင်းမှုများလျှင်

နာရီဝက်(၁)ကြိမ် ဆေးလက်ဖက်စားဇွန်းတစ်ဇွန်း

ရေနွေးနှင့်တိုက်ပါ။

- သွေးဆင်းမှုနဲ့လာပါကမီးယပ်သွေးလွန်ဆေးကို

နံနက်(၁)ကြိမ်၊ နေ့(၁)ကြိမ်၊ ည(၁)ကြိမ် တစ်နေ့(၃)ကြိမ် တိုက်ပေးပါ။

- ဆီးရှင်ဝမ်းနှုတ်ဆေးကို နံနက်(၁)ကြိမ်၊ ညနေ(၁)ကြိမ်

လက်ဖက်စားဇွန်းငယ်(၁)ဇွန်း (သို့) ဆေးပြား၃ပြား

ရေအေးနှင့်တိုက်ပေးပါ။

- အပူငြိမ်းသွေးဆေး နေ့(၂)နာရီနှင့် ည(၈)နာရီကို

လက်ဖက်စားဇွန်းငယ်(၁)ဝက် ရေကျက်အေးနှင့် တိုက်ပေးပါ။

➢ကြပ်ထုပ်ထိုးပေးပါ

ကြပ်ထုပ်ကိုအပူချိန် အနည်းငယ်နွေးနွေးနှင့် ဆီးစပေါ်တွင်

အထက်ပင့်၍ ထိုးပေးပါ။ ရောဂါသက်သာပျောက်ကင်းပါလိမ့်မည်။

ရောဂါသက်သာလာလျှင် အဖျားမရှိက ရောဂါနှင့်ကိုက်ညီသော

အားတိုးစေသောဆေးအစာကို တိုက်ကျွေးပေးပါ။ အားရှိလာပြီး

ရောဂါအမြန်သက်သာပျောက်ကင်းလာပါလိမ့်မည်။


# ကြပ်ထုပ်ထိုးပုံ

- ကြပ်ထုပ်ကို အပူချိန်အနည်းငယ်နွေးနွေးနှင့် ဆီးစပေါ်တွင် အထက်ပင့်၍ ထိုးပေးပါ။
- ဖိ၍မထိုးရ
- ကြပ်ထုပ်ကိုရေနွေးငွေ့ကြပ်ထုပ်ဖြင့်သာထိုးပါ
- အပူပေးရာတွင်နွေးရုံသာအပူပေးပါ
- ဆီးစပေါ်တွင် အထက်ပင့်၍ ထိုးပေးပါ။

# ရေနွေးငွေ့ကြပ်ထုပ်ထိုးပုံ







# သွေးလွန်ရောဂါမဖြစ်အောင် ကာကွယ်ခြင်း

သက်သက်သာသာ ငြိမ်ငြိမ်နေထိုင်ပါ။ နေပူ မီးပူခံခြင်း၊ ခရီးကြမ်းသွားခြင်း၊ ယာဉ်ကြမ်းစီးခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ အလေးအပင်မခြင်း၊ မေထုန်မှီဝဲခြင်း၊ ပူ၊ခါး၊စပ် အရသာကို များများစားခြင်း စသည်တို့ကို ရှောင်ကြဉ် ပါ။

ကံ-စိတ်-ဥတု-အာဟာရတည်းဟူသော သမုဋ္ဌာန်လေးပါးနှင့် ညီညီညွတ်ညွတ် နေထိုင်သွားလျှင် ရောဂါမဖြစ်အောင် ကာကွယ်နိုင်ပါသည်။

## ရှောင်ရန်အစားအစာများ

စပ်၊ ပူ၊ ချဉ်၊ ခါး အရသာရှိသော အစားအစာများကို ရှောင်ကြည်ပါ။

## ဆောင်ရန်အစားအစာများ

လေဝင်လေထွက်ကောင်းပြီး အလင်းရောင်ရှိသောနေရာတွင် ငြိမ်ငြိမ်နေကာ အေး၊ ချို၊ ဆိမ့်၊ ဖန် အရသာရှိသော အစားအစာများကို စားသုံးပါ။

## ကုသသော ဆေးနည်းများ

## မီးယပ်သွေးလွန်ရောဂါပျောက်ဆေး

| | | |
|---|---|---|
| (၁) | ပန်းနု | ၁ကျပ်သား |
| (၂) | ပန်းရင်း | ၁ကျပ်သား |
| (၃) | နံ့သာနီစစ်စစ် | ၁ကျပ်သား |
| (၄) | နံ့သာဖြူ | ၁ကျပ်သား |
| (၅) | ကံ့ကော်ဝတ်ဆံ | ၁ကျပ်သား |
| (၆) | ကြာဝတ်ဆံ | ၁ကျပ်သား |

(၇) သစ်ဆိမ့်သီး ၁ကျပ်သား

(၈) ပိတ်ချင်းသီး ၁ကျပ်သား

(၉) ကြစု ၁ကျပ်သား

(၁၀) ကြံဖွားမြစ် ၂ ကျပ်သား

(၁၁) ဆီးဖြူသီးခြောက် ၃၀ကျပ်သား

(ငှင်းဆေးအားလုံးကို အမှုန့်ပြုပါ)

ဆီးရွှင်ဝမ်းနုတ်ဆေး

အပူငြိမ်းသွေးဆေး

# မီးယပ်သွေးလွန်ရောဂါပျောက်ဆေး



# ဆီးရွှင်ဝမ်းနှုတ်ဆေး



# အပူငြိမ်းသွေးဆေး



# ကြပ်ထုပ်ထိုးဆေး

| | | |
|---|---|---|
| (၁) | ကင်ပွန်းရွက် | ၁ကျပ်သား |
| (၂) | ကင်ပွန်းသီး | ၁ကျပ်သား |
| (၃) | မန်ကျည်းရွက်ကြမ်း | ၁ကျပ်သား |
| (၄) | နနွင်းစိမ်း | ၁ကျပ်သား |
| (၅) | စမုန်နက် | ၁ကျပ်သား |
| (၆) | မြေဇာမြက် | ၁ကျပ်သား |

- ညက်စွာကြိတ်၍ကြပ်ထုပ်ပြုလုပ်ပါ

# ကင်ပွန်းချဉ်ရွက်ကြမ်း



# ကင်ပွန်းချဉ်သီး



# မန်ကျည်းရွက်ကြမ်း



# နနွင်းစိမ်း



# စမုန်နက်



# မြေဇာမြက်





# သုတေသနပြုတွေ့ရှိချက်

မီးယပ်သွေးလွန်ရောဂါရှင် အမျိုးသမီးများအား တင်ပြပါဆေးတို့နှင့်

ရှောင်ရန်၊ ဆောင်ရန် အစားအစာများကို လိုက်နာပြုလုပ်

မှီဝဲသုံးဆောင်ပါက မီးယပ်သွေးလွန်ရောဂါ ၇၆ရာခိုင်နှုန်းသက်သာ

ပျောက်ကင်းကြောင်းတွေ့ရှိရပါသည်။

# မီးယပ်သွေးလွန်ရောဂါ သက်သာပျောက်ကင်းသော လူနာစာရင်း

| စဉ် | အမည် | အသက်(နှစ်) | သက်သာ | ပျောက်ကင်း |
|---|---|---|---|---|
| ၁ | မဖြူ | ၃၆ | ✓ | |
| ၂ | မချိုချိုမာ | ၂၃ | | ✓ |
| ၃ | မယု | ၂၇ | | ✓ |
| ၄ | မစိုးစိုး | ၄၄ | ✓ | |
| ၅ | မသူဇာ | ၂၃ | | ✓ |
| ၆ | မသူဇာဝင်း | ၂၄ | | ✓ |
| ၇ | မနီနီအောင် | ၂၈ | | ✓ |
| ၈ | မသန်းသန်းငွေး | ၂၁ | ✓ | |
| ၉ | မသိဂီကျော် | ၂၃ | | ✓ |
| ၁၀ | မနွယ် | ၃၇ | | ✓ |
| ၁၁ | မသန်းခိုင် | ၂၄ | | ✓ |
| ၁၂ | မငုဝါခိုင် | ၁၆ | | ✓ |
| ၁၃ | မမြမြဝင်း | ၃၃ | | ✓ |
| ၁၄ | မသိတာဝင်း | ၂၄ | | ✓ |
| ၁၅ | မငုဝါ | ၁၇ | | ✓ |
| ၁၆ | မအမာကြည် | ၄၆ | ✓ | |
| ၁၇ | မအိကေခိုင် | ၂၀ | | ✓ |
| ၁၈ | မလွင်မာကျော် | ၂၀ | | ✓ |
| ၁၉ | မအေးအေးစိုး | ၃၅ | | ✓ |
| ၂၀ | မဖူးငယ် | ၂၇ | | ✓ |
| ၂၁ | မသွယ်[illegible] | ၄၄ | ✓ | |

# သုံးသပ်အကြံပြုချက်

မီးယပ်သွေးလွန်ရောဂါပျောက်ဆေးကိုသုတေသနပြုလုပ်ရာတွင်ရောဂါ သက်သာပျောက်ကင်းမှု အခြေအနေကောင်းမွန်ပါသဖြင့် ဆက်လက် သုတေသနပြုလုပ်ပါရန် အကြံပြုတင်ပြအပ်ပါသည်။

ကျွန်တော်တို့တိုင်းရင်းဆေးဆရာကြီး၊ ဆရာမကြီးများအနေနှင့်မိမိတို့ ကျွမ်းကျင်သောဘာသာရပ်အလိုက် စာတမ်းပြုစုရေးသားတင်ပြမှု နည်း နေပါသည်။

ကျွန်တော်တို့ရဲ့မြန်မာ့တိုင်းရင်းဆေးပညာမပျောက်ပျက်အောင်နှင့်ဖွံ့ဖြိုးတိုး တက်စေရန် စာတမ်းများပြုစုရေးသားပြီး၊ နောင်အနာဂတ်ကာလမှာ ထွန်းတောက်လင်းပလာမည့် မျိုးဆက်သစ်သားငယ် သမီးငယ် ဆရာလေး၊ ဆရာမလေးတွေအား လက်ဆင့်ကမ်းပေးပါရန် အကြံပြု တင်ပြအပ်ပါသည်။

# ကိုးကားသောကျမ်းများ

(၁) သင်ရိုးညွှန်းတမ်းလက်တွေ့ကုထုံးအဖွင့်ကျမ်းကြီး (ဆရာကြီးဦးအုန်းရွှေ)

(၂) ဓာတုဝိဘာဂဒီပနီကျမ်း (မောင်းထောင်ဆရာတော်၊သမားတော်ကြီးဦးဉာဏ်ထွန်း)

(၃) နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း (ဆရာကြီးဦးဟန်ထွန်း)

(၄) မြန်မာ့တိုင်းရင်းဆေးပညာလက်စွဲ (တိုင်းရင်းဆေးပညာဦးစီးဌာန)

(၅) သုတေသနပြု နေ့စဉ်လူနာမှတ်တမ်း (စိန်-မိသားစု တိုင်းရင်းမြန်မာဆေးတိုက်)

## ကျေးဇူးတင်လွှာ

ဤစာတမ်းကိုဖတ်ကြားတင်သွင်းခွင့်ပြုပေးပါသော တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ စာတမ်းစီစစ်ရွေးချယ်ရေးကော်မတီ၊ ဤစာတမ်းဖတ်နိုင်ရေးအတွက် အဖက်ဖက်မှကူညီဆောင်ရွက်ပေးကြသော ဆရာကြီးဆရာမကြီးများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။




thank you